# ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြည်သူသို့အစီရင်ခံစာ

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြည်သူသို့အစီရင်ခံစာ

*ယမန်နေ့မှအဆက်*

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ

## မီးရထားသယ်ယူပို့ဆောင်ရေး

- ကွမ်းတောင်-ကျောက်တော်လမ်းပိုင်းတွင် သံလမ်းနှင့် တာပေါင်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး၊ ပြည်တော်သာ-ရေချမ်းပြင်လမ်းပိုင်း သံလမ်းနှင့် တာပေါင်ပြုပြင်ခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

## တယ်လီဖုန်း၊ အင်တာနက်နှင့် ဆက်သွယ်ရေးကဏ္ဍ


| | |
|---|---|
| မိုဘိုင်းရေဒီယိုစခန်းတိုးချဲ့တည်ဆောက်နိုင်မှု | (၃၂)ခု |
| Fibre Optic Cable တိုးချဲ့ဆောင်ရွက်မှု | (၇၆၇.၅၅) Km |

## လျှပ်စစ်ကဏ္ဍ



စစ်တွေ ဓာတ်အားခွဲရုံတွင် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ထရန်စဖော်မာ တိုးချဲ့တပ်ဆင် ဆောင်ရွက်ပြီးစီးခြင်း





- ယခုအစီရင်ခံသည့်ကာလအထိ ရခိုင်ပြည်နယ်ရှိ မြို့(၂၂)မြို့မှ အိမ်ထောင်စု (၁၅၁၆၈၆)စုကို လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးခဲ့နိုင်သဖြင့် ရခိုင်ပြည်နယ်၏ (၇၀.၀၁ %) လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ပြီဖြစ်ပါသည်။

| စဉ် | လုပ်ငန်းအမည် | ဆောင်ရွက်ပြီးစီးမှု |
|---|---|---|
| ၁ | ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-စစ်တွေဓာတ်အားလိုင်းပေါ်မှ ဆတ်ရိုးကျပေါ်သို့ (၀.၆)မိုင်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ၆၆/၁၁ ကေဗွီ၊ ၂၀ အမ်ဗွီအေ ဆတ်ရိုးကျဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်း | (၂၅-၉-၂၀၁၉)ရက်နေ့တွင် ဆောင်ရွက်ပြီးစီးပြီဖြစ် |
| ၂ | ၆၆/၁၁ ကေဗွီ ၂၀ အမ်ဗွီအေ စစ်တွေဓာတ်အားခွဲရုံတွင် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ(၁)ရုံ တိုးချဲ့ တည်ဆောက်ခြင်းလုပ်ငန်း | (၃၀-၉-၂၀၁၉) ရက်နေ့တွင်ပြီးစီးပြီဖြစ် |
| ၃ | စစ်တွေမြို့၊ ဆတ်ရိုးကျကျေးရွာအပါအဝင် ကျေးရွာ(၁၄)ရွာ ဓာတ်အားပေးရန် ၆၆/၁၁ ကေဗွီအေ ၁၀ အမ်ဗွီအေဓာတ်အား ခွဲရုံ တည်ဆောက်ခြင်း၊ ၆၆ ကေဗွီ Double Circuit လိုင်း ၀.၆ မိုင်လုပ်ငန်း | (၈-၁၀-၂၀၁၉)ရက်နေ့မှ စ၍ ဓာတ်အားပို့လွှတ်နေပြီဖြစ် |
| ၄ | ကျောက်တော်မြို့ ခေါင်းတုတ်(ပလောင်)ကျေးရွာတွင် ၁၁ ကေဗွီ ဓာတ်အားလိုင်း (၀.၅)မိုင်၊ (၄၀၀)ဗို့ ဓာတ်အားလိုင်း(၁)မိုင်၊ ၁၁/၀.၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ (၁)လုံး၊ လိုင်းခွဲ D/S တစ်စုံ တပ်ဆင်တည်ဆောက်ခြင်းလုပ်ငန်း | (၂-၁၁-၂၀၁၉)ရက်နေ့တွင် ဓာတ်အားရရှိပြီးဖြစ် |

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ

| စဉ် | လုပ်ငန်းအမည် | ဆောင်ရွက်ပြီးစီးမှု |
|---|---|---|
| ၅ | ကျောက်တော်မြို့ ခေါင်းတုတ်(ကုလား)ကျေးရွာတွင် ၁၁ ကေဗွီ ဓာတ်အားလိုင်း (၁.၂)မိုင်၊ (၄၀၀) ဗို့ ဓာတ်အားလိုင်း(၂)မိုင်၊ ၁၁/၀.၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ (၂)လုံး၊ လိုင်းခွဲ D/S တစ်စုံ တပ်ဆင်တည်ဆောက်ခြင်း လုပ်ငန်း | (၂-၁၁-၂၀၁၉)ရက်နေ့တွင်ဓာတ်အားရရှိပြီးဖြစ် |
| ၆ | - အမ်းမြို့နယ်၊ ကဇုကိုင်းကျေးရွာအပါအဝင် ကျေးရွာ(၅၃)ရွာ ဓာတ်အားပေးနိုင်ရန် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်း<br>- ၃၃ ကေဗွီလိုင်း ၄.၅၁ မိုင်လုပ်ငန်း | ပစ္စည်းများရောက်ရှိနေပြီဖြစ်<br><br>တင်ဒါစိစစ်ပြီးဖြစ် |
| ၇ | ကြိမ်ချောင်းကျေးရွာအပါအဝင် ကျေးရွာ(၁၇)ရွာဓာတ်အားပေး ရန်<br>- ၆၆/၃၃ ကေဗွီ ၁၀ အမ်ဗွီအေ၊ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ မောင်တောခွဲရုံတွင် Switch Bay Extension | (၂၃-၁၂-၂၀၁၉)ရက်နေ့နှင့် (၂၅-၁၂-၂၀၁၉)ရက်နေ့တို့တွင် ထရန်စဖော်မာအထိုင်ချခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ |
| | - အခြားမြို့ပြလုပ်ငန်းများ | ၁၀၀ % |
| | - ၆၆ ကေဗွီလိုင်း ၂၀.၄ မိုင် | ၁၈ % |
| | - ၁၁ ကေဗွီလိုင်း ၃၉ မိုင် | ၁၀၀ % |
| | - ၄၀၀ ဗို့လိုင်း ၁၆.၅ မိုင် | ၁၀၀ % |
| | - ၁၁/၀.၄ ကေဗွီ ၁၀၀ ကေဗွီအေ Transformer ၂၂ လုံးတည်ဆောက်ခြင်း | ၁၀၀ % |

## ဆိုလာစနစ်ဖြင့်မီးလင်းရေးဆောင်ရွက်နိုင်မှု



မာန်အောင်မြို့ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ် ဓာတ်အားပေး စက်ရုံဖွင့်လှစ်ခြင်း



- မာန်အောင်မြို့ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ (၁၃-၁၁-၂၀၁၉) ရက်နေ့တွင် ဓာတ်အားစတင်ဖြန့်ဖြူးပေးနေပြီး (၁၉-၁၂-၂၀၁၉)ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပါသည်။
- ကျေးလက်မီးလင်းရေး (NEP) စီမံကိန်းဖြင့် (၁၆)မြို့နယ်ရှိ ကျေးရွာ(၂၄၆) ရွာတွင် တစ်အိမ်သုံး ဆိုလာ(၁၅၆၂)ခုကို တပ်ဆင်ခြင်းလုပ်ငန်း(၆၆) % ပြီးစီးနေပြီ ဖြစ်ပါသည်။

## အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး

စစ်တွေ၊ ရသေ့တောင်၊ မြေပုံ၊ သံတွဲ၊ တောင်ကုတ်၊ ဂွ၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ မောင်တော၊ ဘူးသီးတောင်နှင့် ရမ်းဗြဲမြို့နယ်(၁၂)မြို့နယ်ရှိကျေးရွာ(၃၀)ရွာတွင် ကျေးလက်အိမ်ရာ (၃၀၀)လုံး တည်ဆောက်ခြင်းလုပ်ငန်းသည် အစီရင်ခံသည့်ကာလအတွင်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ပါသည်။

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ

## ရေရရှိရေး

ကျေးလက်ဒေသ ရေရရှိရေးလုပ်ငန်း(၂၃)ခု ဆောင်ရွက်ပြီးစီးမှု




## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

ကဏ္ဍပေါင်းစုံပါဝင်သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်မှုအနေဖြင့် မြို့နယ်(၁၂)မြို့နယ်ရှိ ကျေးရွာ(၁၄၁)ရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ(၁၀၀ %) ဆောင်ရွက်ပြီး ဖြစ်ပြီး ထပ်တိုးကျေးရွာ(၈)ရွာတွင် လမ်းတံတား(၇)ခု၊ ရေပေးရေးလုပ်ငန်း(၁)ခု၊ စုစုပေါင်း ဖွံ့ဖြိုးရေးလုပ်ငန်း(၈)ခုကို ယခင်ကာလက(၅၈ %) ဆောင်ရွက်ခဲ့ပြီး ယခုအစီရင်ခံသည့်ကာလတွင်(၁၀၀ %) ဆောင်ရွက်ပြီးဖြစ်ပါသည်။

## လူထုဗဟိုပြုစီမံကိန်း

ကမ္ဘာ့ဘဏ်၏ အကူအညီအထောက်အပံ့ဖြင့် လူထုဗဟိုပြုစီမံကိန်း ဆောင်ရွက်ခြင်း



ဂွမြို့နယ် ရဟိုင်ကူးတိုကျေးရွာအုပ်စု၊ ရဟိုင်ကွင်းကျေးရွာ ရွာတွင်းကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု



ပုဏ္ဏားကျွန်းမြို့နယ်အလယ်ချောင်းကျေးရွာအုပ်စု၊ မြစ်နားပြင်ကျေးရွာ ရွာတွင်းကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု


| | |
|---|---|
| ဂွမြို့နယ်ရှိ ကျေးရွာအုပ်စု(၉)အုပ်စု၊ ကျေးရွာ(၁၄)ရွာ | → လမ်းတံတား(၁၀)ခု၊ စာသင်ကျောင်း(၃) ခုနှင့် ရေပေးရေး (၁)ခု စုစုပေါင်းလုပ်ငန်း(၁၄)ခု ဆောင်ရွက်ပြီးစီးခဲ့ |
| ပုဏ္ဏားကျွန်းမြို့နယ်ရှိ ကျေးရွာအုပ်စု (၄)အုပ်စု၊ ကျေးရွာ(၆)ရွာ | → လမ်းတံတား(၅)ခုနှင့် ရေပေးရေး (၁)ခု စုစုပေါင်း လုပ်ငန်း(၆)ခု ဆောင်ရွက်ပြီးစီးခဲ့ |

## စက်ပစ္စည်းများအစားထိုးသုံးစွဲခြင်း

စက်ယန္တရားများဖြင့် ဆောင်ရွက်ပေးခဲ့သည့် ထွန်ယက်၊ ရိတ်သိမ်းမှုများမှာ -

- ထွန်ယက်ခြင်း - (၃၅၁၈) ဧကလျာ
- ရိတ်သိမ်းခြွေလှေ့ခြင်း - (၃၁၆၀) ဧကလျာ

တောင်သူများသို့ လက်တွန်းထွန်စက်၊ ခြွေလှေ့စက်၊ ထော်လာဂျီများကို ဝယ်ယူရန်အတွက် အရစ်ကျငွေချေစနစ်ဖြင့် ငွေကျပ် (၉၅.၆၅၅)သန်း ငွေထုတ်ချေးနိုင်ခဲ့ပါသည်။




(ဆက်လက်ဖော်ပြပါမည်)